# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်



## ပျော်ရွှင်သောနှစ်သစ်ဖြစ်ပါစေ

သခင့်စကား ၁ -၁၄၉




ငါ့စကားကို သင်၏နှလုံး၌ သွင်းမိ၍
ငါ့ပညတ်တို့ကို ကျင့်စောင့်သဖြင့် အသက်ရှင်လော့။
သုတ္တံ ၄း၄

**Happy New Year 2014**


အမှတ်စဉ် (၁၄၉) ဇန္နဝါရီလ ၂၀၁၄ ခုနှစ် မ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


***စိတ်အလိုသို့လိုက်လျှောက်မည်လော။*** သဲမြတ်မွန် (Thian Hnem Par)



သုတ္တံကျမ်း ၃း၃ ဂရုဏာ တရားနှင့် သစ္စာ တရားကို သင်နှင့် မကွာ စေနှင့်။ ထိုတရား တို့ကို သင်၏ လည်ပင်း၌ ဆွဲထားလော့။ ဂရုဏာတော်နှင့် ချစ်ခြင်း မေတ္တာ၊ သစ္စာတော်ဟာ ပျက်စီးခြင်းမရှိဘဲ ကမ္ဘာ အဆက်ဆက်ရှိနေမဲ့ ကိုယ်တော် ၏ စကားတော်ကို သတိရလျှက် နှလုံးသွင်းကြပါစို့။ ကျွန်ုပ်တို့ အပြစ်သားများဟာ ကယ်တင်ခြင်းကို မခံထိုက်သော်လည်း တဖက်သတ်နှင့် ချစ်နေသော ကိုယ်တော်၏ ဂရုဏာကြောင့် ကောင်းချီး မင်္ဂလာများ ခံစားပြီး ထာဝရအိမ်တော်မှာ ကိုယ်တော်နှင့်အတူ နေခွင့်ကို ပေးသနားတော်မူခြင်း ဖြစ်တယ်။ ကျွန်ုပ်တို့အပေါ် သစ္စာရှိစွာနှင့် နေ့ည မပြတ် စောင့်ရှောက်၊ လိုအပ်သမျှဖြည့်စွက် အားငယ်ချိန်၌ နှစ်သိမ့် ပေးနေသော ကိုယ်တော်ကို သတိရလျှက် လက်ခံဖို့ရန်နှင့် သင်နှင့် မကွာစေဖို့ရန် "သင်၏ လည်ပင်း၌ ဆွဲထားလော့" လို့ ကိုယ်တော်က ကျွန်ုပ်တို့ကို သတိပေးနေပါတယ်။ လူသားများဟာ စိတ်အလိုသို့ လိုက်လျှောက်တတ်သူပါ။ ဖြစ်လာမဲ့ အရာကို ကိုယ်တော်လက်ထဲ မအပ်ဘဲ၊ ကိုယ်တော် အလိုတော်ကို မစောင့်ဘဲ စိတ်အလို အတိုင်း လုပ်တတ်ပြီး အမှားတွေနှင့်သာ ကြုံတတ်ပါတယ်။ စိတ်အလိုနှင့် ဝိညာဉ် တော်ရဲ့ အလိုတော်ကတော့ တခြားစီပါဘဲ။ ကျွန်ုပ်တို့ရဲ့ ဝိညာဉ်ကတော့ ဘုရား သခင်ရဲ့ တရားတော်၌သာ မွေ့လျော်ချင်တယ်။ လူသားရဲ့ စိတ်ဆန္ဒကတော့ လောကီ ရဲ့ ပျော်ရွှင်မှုထဲမှာ မွေ့လျော်ချင်ပါတယ်။ သမီး ဒီလိုရေးလိုက်တော့ လောကီရဲ့ ပျော်ရွှင်မှုထဲမှာ ပျော်ရွှင်ခွင့်မရဘူးလား။ မဟုတ်ပါဘူး။ ကိုယ်တော် က လောကီမှာလည်း ပျော်ရွှင်ခွင့် ကောင်းကြီး အများကြီးပေးထားပါတယ်။ သားတော်နှင့် တကွ ခပ်သိမ်းသောအရာကို ပေးထားပါတယ်။ စိတ်ဆန္ဒအရ လောကရဲ့ မကောင်းမှု ထဲမှာ လွန်ကျူးနေမယ်ဆိုရင်တော့ ကျွန်ုပ်တို့ရဲ့ ဝိညာဉ် တွေဟာ ငိုကြွေးလျက် နေတယ်ဆိုတာ သတိရကြရအောင်။ လှမ်းလျှောက်ရမဲ့ ခြေလှမ်းတိုင်း ကို ဘုရားရှင် ဆီမှာ အပ်နှံထားပြီး ဘုရားသခင်ရဲ့ စကားကို အစဉ် သတိရလျက် အလိုတော် အတိုင်း လျှောက်လှမ်းနိုင်ဖို့ရန်ပါ။ ဝိညာဉ်ထာဝရ ပျော်ရွှင်ဖို့အတွက် ယခု အသက်ရှင် နေတဲ့ အချိန်မှာ ကိုယ်တော်နှင့် လျှောက်လှမ်း ဖို့အတွက် အားလုံးသိပြီးသာ ဖြစ်သော် လည်း ဆက်လက်ပြီး ရေးပြချင်ပါတယ်။ ဘုရားရှင်၏ သွန်သင်မှုကို သတိရလျက် စိတ်အလိုသို့ မဟုတ်ဘဲ ဘုရားအလိုသို့ လိုက်လျှောက်နိုင်ကြပါစေ။ ဖတ်ရှုသူ မောင်နမ အပေါင်း နှလုံးသွင်းနိုင်ကြပါစေ။ အားလုံးအပေါ်ဘုရားရှင် ကောင်းကြီးမင်္ဂလာ သက်ရောက် ပါစေ။ အာမင်...



---



***ဘဏ္ဍာနှင့်ပါဝါ(၁)*** ***ယုံကြည်သူ***

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရှေ့ဦးစွာ ချီးမွမ်းပါတယ်။ ကျွန်မ စင်္ကာပူ ရောက်တာ ၄နှစ်ကျော် ၅နှစ်ထဲမှာပါ။ ပထမဦးဆုံး စင်္ကာပူ စရောက်တဲ့ အချိန် လေးကို သက်သေခံချင်ပါတယ်။ ကျွန်မ စင်္ကာပူ စရောက်ရခြင်းရဲ့ ရည်ရွယ်ချက် ကတော့ ကျွန်မ နေထိုင်တဲ့ တောရွာ လေးဟာ ၂၀၀၇ခုနှစ်မှာ ရေကြီးခြင်း ဒဏ်ကို ၃ကြိမ်တိုင် ခံခဲ့ရပါတယ်။ ကျွန်မ သင်းအုပ်ဆရာရဲ့ အစ်မကနေ စပြီးတော့ စင်္ကာပူ သွားဖို့ ပြောပါတော့တယ်။ အေးဂျင့်နဲ့ ဆက်သွယ် ပြီးတော့ လိုအပ်မဲ့ ခရီးစရိတ်တွေကို ထုတ်ပေးပါတယ်။ ရေတွေ ဖွေးဖြူ နေတဲ့ ရွာလေးနဲ့ အန်တီကို ထားခဲ့ပြီး ရန်ကုန်ကို အဖော်မပါ တစ်ယောက်ထဲ တက်လာခဲ့ပါတယ်။ အန်တီနဲ့ ကျမရဲ့ ဆုတောင်းခြင်းကို ဘုရားသခင် အဖြေ ပေးခဲ့တယ်။ ဘုရားသခင် ကျေးဇူးတော်ကြောင့် ငွေကြေး မပြည့်စုံပေမဲ့လည်း၂၆.၁၀.၂၀၀၇ မှာ စင်္ကာပူကို စရောက် ခဲ့တယ်။ အင်္ဂလိပ်စာများစွာ အားနည်းတဲ့ ကျွန်မကို ဘုရားသခင် ကူညီခဲ့တယ်။ စာမေးပွဲ ဝင်ခွင့်ကို တကြိမ်ထဲနဲ့ အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့တယ်။ စာမေးပွဲဖြေပြီး အိမ်ရှင်က နောက်တနေ့ လာခေါ် ပါတယ်။ အိမ်ရှင့် အိမ်ကို စရောက်တဲ့ နေ့မှာ ဆရာနဲ့ ကလေးတွေ အရမ်းကို ကောင်းပါတယ်။ အိမ်ရှင်မ ကတော့ တွေ့တာနဲ့ ရင်ဝကို ဖနှောင့်နဲ့ ပေါက် ဘီးလူးမနဲ့ ရင်ဆိုင် တိုက်ခိုက် ရသလိုပါဘဲ။ ကြိုဆိုမှုက လုံးဝ မကောင်း ပါဘူး။ အိမ်ရှင် ဆရာမ

ကျွန်မအပေါ် မကောင်းခဲ့သလို အေးဂျင့်ကလည်း ကျွန်မ အပေါ် မကောင်း ခဲ့ပါဘူး။ အတိုချုပ် ရေးပြရရင် ကျွန်မ အိမ်ရှင့် အိမ်မှာ ဒုက္ခများစွာ ခံခဲ့ရပါတယ်။ ၂နှစ်အတွင်းမှာ စိတ်တို ဒေါသဖြစ်ပြီး ညစာမစားဘဲ အိပ်ခဲ့ရတဲ့ ရက်ပေါင်းများစွာကို ကျေးဇူးတော် ကြောင့် ခံနိုင်ရည်ရှိခဲ့တယ်။ ပွင့် လောက်နီးနီး ဝ တဲ့ လူက သိသိသာသာကို ပိန်သွား ခဲ့တယ်။ ဒါပေမဲ့ အစာအိမ် ရောဂါကို မရရှိခဲ့ပါဘူး။ ကျွန်မရဲ့ အဖြစ်က ဘုရားကျောင်း မသွားခဲ့ရတဲ့ အပြင် သူများရဲ့ ဘုရားကို ရှိခိုးခဲ့ရသေးတယ်။ နင် ပိုက်ဆံ လိုချင်ရင် ဘာမဆို လုပ်ရ မယ်တဲ့။ သူတို့ဘုရား ကန်တော့ဖို့ ချက်ပေး ပြင်ပေးရတဲ့ အပြင် ကန်တော့ ခဲ့ရပါတယ်။ စိတ်ထဲက မပါဘဲ လုပ်ဆောင်ခဲ့ရ ပါတယ်။ ဝမ်းနည်းမျက်ရည်နဲ့ ငိုခဲ့ရပါတယ်။ ပိုက်ဆံ လိုချင်လို့ စင်္ကာပူကို ရောက် လာတာမှန်ပေမဲ့ ကိုယ် ယုံကြည်တဲ့ ဘုရားသခင်ကို စွန့်လွှတ်လောက်တဲ့ အထိ တော့ ငွေကို ကျမ မမက်မော ပါဘူး။ ငွေမရှိ၊ ဘာမှ မရှိတဲ့ အချိန်တောင် ဘုရားကျောင်း အပတ်စဉ် သွားပြီး တောရွာလေးမှာ နေနိုင်ခဲ့တယ်။ ကျွန်မရဲ့ ဆရာ တယောက်ရဲ့ စကားကို ပြန်လည်သတိရမိတယ်။ အချစ် အတွက်နဲ့လည်း ဘုရားကို မစွန့်မိ စေနဲ့။ ငွေကြေး အတွက်နဲ့လည်း ဘုရားကို မစွန့်လွှတ်မိစေနဲ့။ ဘယ်အရာနဲ့မှ ဘုရားကို မစွန့်လွှတ်မိစေနဲ့လို့ သွန်သင် ဆုံးမ ခဲ့ဖူးပါတယ်။ ၂နှစ် ပြည့်တဲ့ အချိန်မှာ စင်္ကာပူကို ကျောခိုင်းပြီး ပြန်လာခဲ့တယ်။ မိဘညီအစ်ကို မောင်နမတွေနဲ့ တွေ့လိုစိတ် ဖြစ်မလာဘူး။ ဝမ်းနည်းမှု ဆိုတာ ဝေလာဝေးဘဲ။ အန်တီ့ကို တွေ့တဲ့ အချိန်မှာ စိတ်ကို ထိန်းချုပ်မရလို့ စကား မပြောနိုင်ဘဲ အားရစွာ ငိုချလိုက်တယ်။ အသင်းတော်မှာလည်း ကျမရဲ့ အကြောင်းကို သက်သေခံဖြစ် တယ်။ အန်တီ့ရဲ့ ဆုံးမမှု၊ အားပေးမှုတွေနဲ့ အတူ ခွန်အားအပြည့်နဲ့ မြန်မာပြည်မှာ ၂ပတ်နေပြီး စင်္ကာပူကို ဒုတိယအကြိမ် ပြန်ရောက်လာခဲ့တယ်။ ဘုရားရှင် ပြင်ဆင် ပေးတဲ့ အလုပ်ရှင်သစ်လို့ ပြောရမှာပေါ့နော်။ ကျွန်မ အလုပ်ရှင်က ခရစ်တော် ဘုရားကို ယုံကြည်သူ ဘုရား အမှုတော်ဆောင်တွေပါ။

အခြား အိမ် အလုပ်သမားတွေနဲ့ မတူတဲ့ အချက်ကတော့ ဘုရားကျောင်း အပတ်တိုင်း သူတို့နဲ့ လိုက်သွားရတယ်။ အစားအသောက်တွေ သူများနဲ့ စာရင် ပိုစားရတယ်။ အချိန်ပို ပိုအိပ်ရတယ်။ အခုလက်ရှိ ကျွန်မ ဒီအိမ်မှာဘဲ အလုပ် လုပ်နေတုန်းပါဘဲ။ ဘုရားသခင် အားလုံး အပေါ် ကောင်းကြီး ပေးပါစေ.. ။

---

***ဘဏ္ဍာနှင့်ပါဝါ(၂)*** ရှင်းသန့်ဖြူ



ကျမ စင်ကာပူနိုင်ငံကို ၁၉၉၇ ခုနှစ်မှာ ရောက်လာခဲ့ဖူးပါတယ်။ စင်ကာပူ လာရခြင်း အကြောင်းကတော့ အလုပ်လုပ်ပြီး ငွေ (ဘဏ္ဍာ) ရချင်လို့ ပါဘဲ။ အဲဒီတုံးက စင်ကာပူဟာ အခု စင်ကာပူလို မဟုတ်ပါဘူး။ လက်ကိုင်ဖုန်းတွေ ခေတ် မစားသေးသလို၊ လက်တော့တွေ စီဒီ ပလေယာ တွေတောင် ခေတ် မစားသေးပါဘူး။ လျှပ်စစ်ပစ္စည်း ဆိုင်တွေမှာ တိတ်ခွေ ကက်ဆက် လေးတွေ နဲ့ ပေဂျာ လို့ခေါ်တဲ့ ဆက်သွယ်ရေး ကိရိယာတွေဘဲ ရှိပါ သေးတယ်။ စင်ကာပူ တစ်ဒေါ်လာမှ မြန်မာငွေ ၈၀ကျပ် ဝန်းကျင်လောက်ဘဲ ရှိပါ သေးတယ်။ စင်ကာပူမှာ တရားမဝင် နေထိုင် အလုပ်လုပ်တဲ့ သူတွေ အရမ်း ပေါတဲ့ အချိန်ပေါ့။ ကျမနဲ့ သူငယ်ချင်း တစ်ယောက်ကို ရပ်ကွက်ထဲက ပွဲစားယောင်ယောင် လူလည် မိန်းမကြီး တစ်ယောက်က အလုပ် ရှာပေးမယ်ဆိုပြီး ခေါ်လာခဲ့တာ ဖြစ်ပါတယ်။ ကျမက ဘွဲ့ တစ်ခုမှ မရှိထားတော့ စက်ရုံ အလုပ်ရုံ တစ်ခုခုမှာ အလုပ် သွင်းပေးမယ်ဆိုပြီး ခေါ်လာတာ ဖြစ်ပါတယ်။ ဘန်ကောက်မှာ ၂ ရက် ဝင်နားပြီး စင်ကာပူကို ဝင်လာ ခဲ့တာ ဖြစ်ပါတယ်။ ကျမတို့လဲ စင်ကာပူရောက်မှ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရပါတယ်။ အဲဒီ ပွဲစားမိန်းမကြီးက ကျမတို့ကို ဘာအလုပ်မှ မလျှောက်ပေးဘဲ စင်ကာပူနိုင်ငံမှာ တရားမဝင် နေထိုင် အလုပ်လုပ်ဖို့နဲ့ စင်ကာပူ လူဝင်မှု ကြီးကြပ်ရေးက နိုင်ငံကူး လက်မှတ်ပေါ် ထုပေးထားတဲ့ နေထိုင်ခွင့် ၂ ပါတ်ပြည့် ချိန်မှာ ကျမတို့ကို ချန်ထားခဲ့ပြီး သူတစ်ယောက်တည်း လစ်သွားဖို့ စီစဉ်နေတာ သိလိုက် ရပါတယ်။ စင်ကာပူမှာ အရင်ရောက်နှင့်နေတဲ့ ကျမရဲ့ မောင်လေးက






သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၄၉ ဇန္နဝါရီလ ၂၀၁၄ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။




အခြေ အနေမှန်ကို စုံစမ်း သိလိုက်ရတော့ ကျမကို စင်ကာပူမှာ တရားမဝင် မနေဖို့ ဥပဒေနဲ့ ငြိစွန်းနေတဲ့ အတွက် ရဲက ဖမ်းမိသွားရင် ထောင်ဒဏ် ကြိမ်ဒဏ် အပြစ်ပေး ခံရမယ်လို့ ဆိုလာပါတယ်။ ပွဲစား မိန်းမကြီးကတော့ ကျမတို့ကို တရားမဝင် နေဖို့ဘဲ ပြောနေပါတယ်။ သူများတွေလဲ ဒီလို နေကြတာဘဲ။ ဘာမှ ကြောက်စရာ မလိုပါဘူး။ သူများ မိုးခါးရေ သောက်တာချင်းအတူတူ လာမဲ့ ဘေး ပြေးတွေ့ပေ့ါ။ ငွေရဖို့ အဓိက ဘဲလို့ ဆိုလာသလို အသင်းတော်က ယုံကြည်သူ အချို့လဲ ဒီလို နေနေကြတာဘဲ ဆိုပြီး သွေးဆောင်လာပါတယ်။ လူငယ် ခေါင်းဆောင် တစ်ယောက်က သူလဲ တရား မဝင် နေထိုင် အလုပ်လုပ်နေပြီး ကျောင်းသားလက်မှက် အတုနဲ့ နေတာ ၅နှစ်ရှိပြီ။ ဘာမှ မဖြစ်ဘူး။ ကဒ် အတုနဲ့ ဆေးရုံမှာ သွေးတောင် လှူခဲ့သေးတယ်လို့ မဲဆွယ် စကား လာပြောပါတယ်။ အဲဒီလို စကားတွေကို နားယောင်ပြီး ကျမတို့ရဲ့ နိုင်ငံကူး လက်မှတ်တွေကို ပြန်ရောင်းပြီး တရားမဝင်နေဖို့ ဆုံးဖြတ်ခါနီးမှာ ကျမ နားထဲကို ကျမ်းချက်တစ်ချက် ဝင်လာပါယတ်။ ငွေကို တပ်မက်ခြင်းသည် မကောင်းသော အမှု အပေါင်းတို့တွင် မူလ အမြစ် ဖြစ်သည် လို့ ဆိုထားတဲ ကျမ်းချက်ပါဘဲ။ လောကမှာ မကောင်းမှု ဒုစရိုက်တွေ အများကြီးရှိပါတယ်။ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်စားခြင်း။ အိမ် ထောင်ရေး ဖောက်ပြန်ခြင်း။ လောင်းကစားခြင်း။ မနာလို မုန်းတီး လူသတ်ခြင်း။ စတဲ့ အရာတွေအားလုံးထဲမှာ ***ငွေကို တပ်မက်ခြင်း*** က ***မူလ အမြစ်*** လို့ ဆိုထားတဲ့ အတွက် ကျမဟာ မကောင်းသော အမှု အပေါင်းရဲ့ မူလ အမြစ်ကို လုပ်တော့မှာ ပါလား။ ငွေကို တပ်မက်လို့ တရားဥပဒေကို ချိုးဖောက် တော့မှာပါ လားလို့ တွေးလိုက် မိပါတယ်။ ဒီအတိုင်း မြန်မာပြည် ပြန်သွားရင် လေယာဉ် လက်မှတ်နဲ့ ပွဲစားခ ငွေတွေ ရှုံးကုန်တော့မှာပေ့ါ။

ကျမ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်ပါတယ်။ အလည် ဗီဇာ သက်တန်း မကုန်ခင် မြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ အခုဆိုရင် နှစ်ပေါင်း အတော် ကြာချိန်မှာ ကျမ မြန်မာပြည်မှာ ဘွဲ့တစ်ခုရခဲ့ပြီး စားသောက်ကုန် လုပ်ငန်း တစ်ခုမှာ



သင့်တော်တဲ့ လစာတစ်ခုနဲ့ လက်အောက်ငယ်သားများကို အုပ်ချုပ် ရတဲ့ ရာထူးနဲ့ အလုပ် ရခဲ့ပါတယ်။ အရင်တုံးကလိုသာ ငွေကို တပ်မက်ပြီး စင်ကာပူမှာ တရားမဝင် နေထိုင် အလုပ် လုပ်ခဲ့မိရင် ကျမ ဘဝဟာ မတွေးဝံ့ စရာပါဘဲ။ အခုတော့ ကျမ အမိ မြန်မာပြည်မှာ ချစ်သာ မုဆိုးမ မိခင် အိုကြီး၊ ချစ်သော ချစ်သူနဲ့ အတူတူ အသင်းတော်မှာ ပါဝင်ဆက်ကပ်ကာ အလုပ် ကောင်းကောင်း တစ်ခုနဲ့ ပျော်ပျော် ရွှင်ရွှင် နေထိုင်ခွင့်ကို ဘုရားသခင်က ကောင်းကြီး မင်္ဂလာအဖြစ် ချပေးလိုက်ပါတယ် ဆိုတဲ့အကြောင်း သက်သေခံ ဝေငှလိုက်ပါတယ်။ ***ရှင်းသန့်ဖြူ***

---

**မေတ္တာစက်ဝိုင်း** *Mary (ဖျာပုံ)*

သမ္မာကျမ်းစာ ထဲတွင် ဘုရားသခင်သည် ချစ်ခြင်း မေတ္တာ ဖြစ်သည်ဟု ရှင်ယောဟန် ခရစ်ဝင်ကျမ်းတွင် ဖော်ပြထားပါသည်။ ကျမတို့ အားလုံး ဘုရား သခင်ကို ချစ်ကြပါသည်။ အစအဆုံး မရှိတဲ့ လူသားများ၏ မေတ္တာကိုလည်း အစ အဆုံး မသိရတဲ့ စက်ဝိုင်းနဲ့ ခိုင်းနှိုင်းကြည့်ချင်ပါသည်။ စက်ဝိုင်းမှာ ဗဟိုဟာ အဓိကပါ။ မေတ္တာကို အခြေခံကြည့်ရင် ဗဟို ဖြစ်တဲ့ ဘုရားရှင်ထံက စပြီးနောက်မှ ကျမတို့ လူသား အုမ၊ ချီးခါး၊ အသေးအမွှား လူတန်းစား အမျိုးမျိုးဟာလဲ ဒီမေတ္တာစက်ဝိုင်းထဲမှာဘဲ ရှိနေပါတယ်။ ဒါတင်မက ဘုရားရှင် လက်တော်နှင့် ဖန်ဆင်းထားသော လူသား အားလုံးဟာလည်း ဒီ မေတ္တာစက်ဝိုင်းထဲမှာဘဲ လွှမ်းခြုံနေပါတယ်။ ၂၂.၁၀.၂၀၁၁ ခုနှစ် စနေနေ့ မနက် ၈နာရီ၃၀မိနစ် အချိန်မှာ မြန်မာပြည်ရှိ ဂျပန်ကျောင်းမှာ ဦးစီးကျင်းပတဲ့ ကျောင်းသားပွဲတော်ကို မြန်မာပြည်ပြန်တဲ့ တစ်ပတ်တာ အားလပ်ရက် နောက်ဆုံး ရက်မှာ အမှတ်မထင်ပဲ ရောက်ရှိသွားခဲ့ပါတယ်။ ၁၉၉၂ခုနှစ်တွင် စတင်ကျင်းပ ခဲ့သည့် ကျောင်းသားပွဲတော်သည် ရန်ကုန်မြို့တွင် နေထိုင်သော နိုင်ငံအသီးသီးရဲ့ ကလေးများ၏ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ဂျပန်ဘာသာနှင့် ဂျပန်ယဉ်ကျေးမှု ဖော်ထုတ် ခြင်းကို အဓိကထားပြီး နှစ်စဉ်ကျင်းပပါသည်။ နိုင်ငံအသီးသီးမှ ကလေးများရဲ့ အကြိမ်တိုင်း အမျိုးမျိုး ဆန်းသစ် တီထွင်ထားတဲ့ အပေါ်မှုတည်၍ ပြောင်မြောက်လှတဲ့ တင်ဆက်ကပြမှုတွေ တွေ့ရပါတယ်။ မြန်မာပြည်က ကျောင်းတွေနဲ့ ကင်းကွာတာကြာတော့ စိတ်လှုပ်ရှားခဲ့ ရပါတယ်။ အခမ်းအနားမှာ နေရာယူကြတဲ့ ၃ပုံ ၂ပုံဟာ နိုင်ငံခြားသားများဖြစ်ပြီး မြန်မာပြည်သား အနည်းငယ် သာ ဖြစ်ပါတယ်။ ကျမ ခမ်းမထဲ အဝင် ကျောင်းကော်မတီက ပေးတဲ့ အစီအစဉ် စာရွက်လေးကို ကိုင်ကာ Disabled School အတွက် ပေးထားတဲ့ နေရာမှာ ထိုင်လိုက် ပါတယ်။ Stage ပေါ်မှ စာတန်းကို ဖတ်လိုက်ပါတယ်။ " The theme of children's festival 2011 " Bridge of the Rainbow" အခမ်းအနား အစ ကျောင်းသား ကိုယ်စားလှယ်မှ ဘာသာစကား ၃မျိုး ဖြစ်တဲ့ ဂျပန်စကား၊ မြန်မာ စကား၊ အင်္ဂလိပ် စကားနဲ့ ကျောင်းသားပွဲတော်ရဲ့ ခေါင်းစဉ်ကို ရှင်းပြပါတယ်။ ယခုနှစ် ကျောင်းသားပွဲတော်ရဲ့ ခေါင်းစဉ်ကိုတော့ "သက်တန့်ရောင်တံတား" လို့ အမည် ပေးထားပါတယ်။ ဒီခေါင်းစဉ်ကတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပါတ်သက်မှုနဲ့ လူတစ်ဦးနဲ့တစ်ဦး သံယောဇဉ်ရှိမှု ဆိုတဲ့ အဓိပ္ပါယ်ကို ဖော်ဆောင်ပါတယ်။ ၂၀၁၁ ကျောင်းသားပွဲတော် ကျောင်းသားကိုယ်စားလှယ် ရာမဇခိမာဆတို က အခမ်းအနားကို အဖွင့်စကား ဆိုပါတယ်။ ထိုသို့ ကြားရသော စကားအားဖြင့် စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးမှုခံစား ရပါတယ်။ ကျမ ထိုကလေးများကို အံ့သြချီးကျူးဂုဏ်ယူ ဝမ်းမြောက်ဖြစ်ခဲ့ရပါ တယ်။ ဖျော်ဖြေတင်ဆက်တဲ့ ကျောင်းတွေကတော့ (1) The Diplomatic School Yangon (2) Mary Chapman School (3) Yangon Japanese School (4) Indonesian International School (5) The school For Disabled Students (6) Ecole Franciase Joseph Kesselde Yangon စသော ကျောင်းများမှ ကျောင်းသား အချို့ သူတို့၏ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ဖျော်ဖြေ တင်ဆက်ကြပါတယ်။ အချို့ရဲ့ ထူးချွန်ထက်မြက်တဲ့ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရ ပေမဲ့ နားမကြားသူ၊ ကိုယ်အင်္ဂါ မဖွံ့ဖြိုး၊ ဉာဏ်ရည်မမှီသူများလည်း ပါဝင် နေတာမို့ သူတို့ဖော်ဆောင်ထားတဲ့ "သက်တန့်ရောင်တံတား" ဆိုတဲ့ အဓိပ္ပါယ် ဟာ ကျမအတွက် လေးလေးနက်နက် ခံစားလိုက်ပါတယ်။ ကျမ ဒီနေရာကို ဆက်စပ်ပြီး သွားခဲ့ရတာကတော့ Disable Students များ ဖိတ်ကြားခြင်း ခံရသော သူများထဲမှာ ကျမ၏ တူ(သား)လေး ပါနေသောကြောင့်ပါ။ ဖျော်ဖြေရေး အစီအစဉ် ၈ခု အနက် နံပါတ် ၆ မှာ မေတ္တာစက်ဝိုင်း သီချင်းနဲ့ သရုပ်ဖော်ကာ ခန္ဓာကိုယ် အရွယ်အစား မတူညီကြတဲ့ ( သာမာန် ကလေး သဏ္ဌာန်နှင့် မတူ) ယောကျာ်းလေး၊ မိန်းကလေးပေါင်း ၁၁ယောက် က သီဆိုသရုပ်ဆောင်ကြပါ တယ်။ သူတို့ရဲ့ သီချင်းစာသားနဲ့ သူတို့ရဲ့ သရုပ်ဆောင်မှုကို ကြည့်ပြီး သူတို့ ဘဝနဲ့ သူတို့အလှ သူတို့အသံ၊ သူတို့ သီဆိုတဲ့ သီချင်းကို သူတို့ကိုယ်တိုင် မခံစားတတ်ပေမဲ့၊ သူတို့ လေ့ကျင့်ထားမှုအရ



သဘာဝကျအောင် တင်ဆက် နေကြတော့ ကျမ နှလုံးသားထဲမှာ အရမ်းကို ထိတွေ့ ခံစားရပြီး ဝမ်းနည်း မျက်ရည်များ ရွဲရွဲကျခဲ့ ရပါတယ်။ အဲဒီအချိန်မှာ သက်တန့်ရောင်တံတား ခေါင်းစဉ်နဲ့အညီ ခံစား လိုက်ရတာကတော့ မေတ္တာစက်ဝိုင်း ပါ။ ကျမ မေတ္တာစက်ဝိုင်းကို လူတဦးနဲ့ တဦး သံယောဇဉ်ရှိမှုလို့ဘဲ အဓိပ္ပါယ် ဖွင့်ချင်ပါတယ်။ အသိဉာဏ်နည်း၊ ဉာဏ်ရည်မမှီ၊ ခန္ဓာကိုယ် မဖွံ့ဖြိုးတဲ့ ကလေး များကိုလည်း ခုနစ်ရောင် ရှိတဲ့ သက်တန့်ရောင် အဖြစ် ပါဝင်ရတာ ဘုရားရှင်ထံမှ လာတဲ့ လူသားအချင်း ချင်း ထားတဲ့ မေတ္တာစက်ဝိုင်းလို ဘယ်က စလို့ ဘယ်မှာ ဆုံးသလဲ။ ဖော်မပြနိုင်တဲ့ အတိုင်းအတာပါ။ ဒါကြောင့် ကျမတို့တစ်ဦး တစ်ယောက်တိုင်းမှာ ထားရှိနေကြတဲ့ မေတ္တာကို စက်ဝိုင်းနဲ့ တင်စားကြရအောင်။ စက်ဝိုင်းရဲ့ ဗဟိုဟာ ခရစ်တော်ဖြစ်ပြီး အချင်း၊ အချင်းဝက်နဲ့ လေးကြိုးဟာ ကျမတို့ ဖြစ်ကြရအောင်။ ကျမ တို့ရဲ့ အသက်တာမှာ မေတ္တာနဲ့ ကိုက်ညီတဲ့ အင်္ဂါရပ်တွေ ရှိဘို့ ယုံကြည်သူများ၏ အမြင့်မြတ်ဆုံး ပါရမီ အကျင့်သည် မေတ္တာ ပါသော အသက်ရှင်ခြင်း ဖြစ်သော ကြောင့် သမ္မာကျမ်းစာမှ အထူး သွန်သင်ချက် များကို ဆင်ခြင်ကြပါစို့။ စက်ဝိုင်းတွင် ဗဟို - ချစ်ခြင်း မေတ္တာသည် အမြတ်ဆုံး ၁ကော၁၃။ အချင်း အချင်းဝက် -- ချစ်ခြင်း မေတ္တာသည် အောင်နိုင်ခြင်း (ရောမ ၁၂း၉-၁၂)၊ လေးကြိုး-- ချစ်ခြင်း မေတ္တာ ပြည့်ဝသောသူ၏ လက္ခဏာ (ရောမ ၁၃း၈-၁၄) စသော ဂုဏ် အင်္ဂါရပ် များ ရှိသော မေတ္တာစက်ဝိုင်း အတွင်း ကျင်လည်စွာ အသက်ရှင် လျှောက်လှမ်း နိုင်သော သူတစ်ယောက်စီ ဖြစ်နိုင်ကြပါစေ..။ ။Mary (ဖျာပုံ)

---



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၄၉ ဇန္နဝါရီလ ၂၀၁၄ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွက် အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

**အစဉ်အမြဲ ကမ်းလင့်ကြိုနေသော ဘုရားသခင်(အဖ)၏လက်**



ကိုယ်တော်သည် အပြစ်ကို ဖြေတတ်သော ဘုရား၊ ချစ်သနားခြင်း မေတ္တာ ဂရုဏာနှင့် ပြည့်စုံပြီး စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းနှင့် ကြွယ်ဝသော ဘုရား ဖြစ်တော် မူသောကြောင့် သူတို့ကို စွန့်ပစ်တော်မမူ။ (နေဟမိ ၉း၁၇)

(၃)နှစ်နဲ့ (၈) လအရွယ် ကျွန်မ၏ သားလေးက အလွန် ဒေါသကြီးတဲ့ မျက်နှာနဲ့ မရပ်မနား ငိုတတ်တဲ့အကျင့်ရှိတယ်။ ကျွန်မ ဘယ်လို ချော့ချော့ မရပါဘူး၊ သူလုပ်ချင်တာ လုပ်လိုက်ရမှ အငိုတိတ်တတ်တဲ့ အကျင့် ရှိပါတယ်။ ငိုလွန်းရင် သူ့အတွက် အန္တရာယ်ရှိတာမို့ ကျွန်မ မပေးလုပ်ရင် သူက ငိုပါတယ်။ ကျွန်မ သူ့ကို ဘယ်လိုနည်းနဲ့ ကိုင်တွယ်ပြုပြင်ပေးရမလဲလို့ ဘုရားသခင်ထံ ဆုတောင်းတဲ့အခါ ကျွန်မ ၁၄နှစ် အရွယ်လောက်က ဆရာ တစ်ယောက် သွန်သင်ပေးဖူးတဲ့ လူရဲ့စိတ်နှလုံးအကြောင်း အမှတ်ရပြီး သားနဲ့ သမီးလေးကို ပြောပြရင်း ကျွန်မနဲ့အတူ သခင့်စကား စာဖတ်သူ ယုံကြည်သူများကို အခု ရောက် လာမည့် နှစ်သစ်မှာ မိမိတို့ရဲ့စိတ်နှလုံးသား ပိုင်ဆိုင်သူဖြစ်တဲ့ ခရစ်တော်ဘုရားကို နှလုံးသား အပြည့် နေရာ ပေးခြင်းဖြင့် မင်္ဂလာရှိတဲ့နှစ်သစ် ဖြစ်ကြရအောင် ဒီစာမူလေးကို နှစ်သစ်အမှတ်တရအဖြစ် ရေးသားလိုက်ပါတယ်။ ကျွန်မတို့ အားလုံးဟာ မွေးရာပါ အပြစ်ပြုလိုစိတ်ရှိတဲ့အတွက်၊ တစ်ခါ တစ်လေ အခြားသူတွေကို စိတ်ဆိုးအောင်၊ စိတ်ထိခိုက်အောင် လုပ်မိ တတ်ကြ တယ်။ အခြားသူတွေကလည်း ကျွန်မတို့ကို အဲ့ဒီအတိုင်း ပြုလုပ်မိနိုင်တယ်။ ကျွန်မတို့ စိတ်နှလုံးထဲမှာ ဘုရားသခင် ပေးထားသော သန့်ရှင်းသော ဝိညာဉ် တော်နှင့် နှုတ်ကပတ်တော် မရှိရင် စာတန်နှင့် အပေါင်းအပါများက အစဉ်အမြဲ နေရာ ယူနေကြပါတယ်။ ဘုရားနှင့် ဝေးအောင် မိမိတို့စိတ်ထဲမှာ အမြဲနေရာ ယူဖို့ စောင့်နေသော အကျင့်ဆိုး ညာဉ်ဆိုးများဟာ ကျွန်မတို့ လူသားအားလုံးမှာ ရှိပါတယ်။ မိမိတို့ကြောင့် အခြားသူတွေကို စိတ်အနှောက်အယှက် ဖြစ်စေတဲ့ ညာဉ်ဆိုးတွေ ကတော့ -



***(၁) မြေခွေးကဲ့သို့သောစိတ်ထားနှင့်အကျင့်။*** ။ ကောက်ကျစ်ခြင်း၊ သူ့ အသရေ ပျက်အောင် ပြောဆိုခြင်း၊ ငြင်းခုံခြင်း၊ သူ့အကျိုးကို ငြူစူခြင်း တို့သည် မြေခွေး ကဲ့သို့သော စိတ်ထား အကျင့်များဖြစ်ပါတယ်။ သမ္မာကျမ်းစာက အခုလိုပြောပါတယ်။ အပြစ် ထင်ရှားသော သူတို့ကို ငြူစူသောစိတ် မရှိစေနှင့် အကယ်စင်စစ် အမှု ဆုံးဖြတ် ချိန်သည် ရောက်လိမ့်မည်။ (သုတ္တံ ၂၃း၁၇-၁၈) ထာဝရဘုရား မုန်းတော်မူသော အရာ ခြောက်ပါးမက စက်ဆုပ်ရွံ့ရှာ တော်မူ သောအရာ ခုနစ်ပါးထဲမှာ မကောင်းအကြံကို ကြံစည်သော နှလုံးတစ်ပါး ပါပါ တယ်။ (သုတ္တံ ၆း၁၆-၁၉)။



***(၂) မြွေကဲ့သို့သောစိတ်ထားနှင့်အကျင့်။*** ။လျှာနှစ်ခွ ရှိခြင်း။ လိမ်လည်လှည့် ဖြားခြင်း၊ သစ္စာ စောင့်သိမှု မရှိခြင်း၊ တို့သည် မြွေကဲ့သို့သော စိတ်ထား အကျင့်များ ဖြစ်ပါတယ်။ သမ္မာကျမ်းစာက အခုလိုပြောပါတယ်။ မုသာသုံးသော နှုတ်ခမ်းသည် ဘုရားသခင် စက်ဆုပ်ရွံရှာတော်မူဖွယ်ဖြစ်၏။ (သု ၁၂း၂၂)။ပညာရှိတို့၏ လျှာ မူကား အနာကိုပင် ပျောက်စေတတ်၏။ သစ္စာနှုတ်ခမ်းသည် အစဉ် အမြဲတည်၏။ မုသာလျှာမူကား ခဏသာ တည်၏။ (သုတ္တံ ၁၂း၁၇-၁၉)။ သစ္စာစောင့်သော သူသည် ကောင်းကြီးမင်္ဂလာနှင့် ကြွယ်ဝလိမ့်မည်။ (သု ၂၈း၂၀)။ ထိုကြောင့် စိတ်သဘောကို ချုပ်တည်းကြလော့။ သစ္စာကိုမဖျက်ကြနှင့်။ (မာကု ၂း၁၆)။



***(၃) ဒေါင်းကဲ့သို့သောစိတ်ထားနှင့်အကျင့်။*** ။ ဂုဏ်ပြိုင်ခြင်း၊ ဝါကြွားခြင်း အကျင့်တို့သည် ဒေါင်းကဲ့သို့စိတ်ထားအကျင့်များဖြစ် သည်။ သမ္မာကျမ်းစာ က အခုလို သွန်သင်ပါတယ်။ လောကတွင် ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယ တပ်မက်ခြင်း၊ မျက်စိ တပ်မက်ခြင်း၊ လောကီစည်းစိမ် ဝါကြွားခြင်း တို့သည်၊ ခမည်း တော်နှင့် မစပ်ဆိုင်၊ လောကတွင်သာ စပ်ဆိုင်ကြ၏။ (၁ယော ၂း၁၆)။ ဝါကြွားသော သူမူက ဘုရားသခင်တွင်သာ ဝါကြွားစေ (၁ ကော ၁း၃၁)။



***(၄) ဝက်ကဲ့သို့သောစိတ်ထားအကျင့်။*** ။

အစာကျူး၊ အအိပ်ကျူး၊ ကိလေသာ လွန်ကျူးခြင်း၊ ညစ်ညူး ခြင်းအကျင့် တို့သည် ဝက်ကဲ့သို့သော စိတ်ထား အကျင့် များ ဖြစ်သည်။ သမ္မာကျမ်းစာက အခုလိုသွန်သင် ထားပါတယ်။ မတရား သော မေထုန်တွင် မှီဝဲခြင်း၊ အမျိုးမျိုး ကိလေသာညစ်ညူးခြင်း လောဘ လွန်ကျူး ခြင်း အမှုတို့ကို သန့်ရှင်းသူတို့သည် ရှောင်သင့်သည်အတိုင်စကား အားဖြင့်မျှ မဆက်ဆံ ကြနှင့် ထိုအမှုကြောင့်ဘုရားသခင်၏ အမျက်တော်သည် ငြင်းဆန်တတ်သော သူတို့အပေါ်သို့ သက်ရောက်ပေ၏။ (ဧ ၅း၃-၇) ကလေး၊ လူငယ်များ အနေဖြင့် အင်တာနက်မှ အမျိုးမျိုး ပြောသော ကိလေသာ ညစ်ညူးအောင် ဖော်ပြချက်များကို မကြည့်ရှုသင့်ပါ။



***(၅) လိပ်ကဲ့သို့သော စိတ်ထား အကျင့်။*** ။ တစ်ကိုယ်ကောင်းဆန်သော အကျင့်၊ ကိုယ့်ဘက်ကိုယ် ယက်တတ် သော အကျင့်။ သူ့အကျိုးကို ငြူစူခြင်း စိတ်ထား၊ တို့သည် လိပ်ကဲ့သို့ စိတ်ထား အကျင့် များပင် ဖြစ်သည်။ သမ္မာကျမ်းစာ အခုလို သွန်သင်ပါတယ်။ ထို့ကြောင့်ငါတို့သည် ယခုမှစပြီး အချင်းချင်း မစစ်ကြော မစီရင် ဘဲနေကြကုန်အံ့။ ညီအစ်ကိုခြင်းထိမိပြီး လဲစရာအခွင့်၊ မှားယွင်းစရာ အခွင့် မရှိစေမည့် အကြောင်းသာ စီရင်ကြကုန်အံ့။ (ရော ၁၄း၁၃)။



***(၆) ဆိတ်ကဲ့သို့ စိတ်ထားအကျင့်။*** ။သူများကို ရန်ရှာ၊ ရန်ငြိုးဖွဲ့၊ ရန်တွေ့ခြင်း၊ ဝေဖန်ပြောဆိုတတ်သော စိတ်ထား အကျင့်တို့သည် ဆိတ်ကဲ့သို့ စိတ်ထား အကျင့်များပင် ဖြစ်သည်။ သမ္မာကျမ်းစာက အခုလို သွန်သင်ပါတယ်။ ရန်တွေ့ခြင်းကို ငြိမ်းစေသောသူသည် ဂုဏ်သရေ ရှိ၏။ (သု ၂၀း၃) ဘုရားသခင်၏ လူသည် ရန်မတွေ့ရ ခပ်သိမ်းသော သူတို့အား ဖြေးညှင်းစွာ ပြုသောသူ၊ ဆုံးမ ဩဝါဒ ပေးခြင်းအမှုတွင် လိမ္မာသောသူ၊ သည်းခံနိုင်သောသူ ဖြစ်ရမည်။ စည်းတားငြင်းခုံသူတို့ နူးညံ့သိမ်မွေ့စွာဆုံးမရမည်။(၂တိ ၂း၂၄-၂၅)သူတစ်ပါးချင်း ခိုက်ရန်ဖြစ်ခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာ ရှိကြ၏။ ဘုရား၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။(မ ၅း၉) မုန်းသော စိတ်သည် ရန်တွေ့ရာသို့ တိုက်တွန်းတတ်၏။ ချစ်သောစိတ်မူကားခက်သိမ်း သောအပြစ် တို့ကို ဖုံးအုပ်တတ်၏ (သု ၁၀း၁၂)



***(၇) ကျားကဲ့သို့စိတ်ထားအကျင့်။*** ။ဒေါသအမျက်ထွက်ခြင်း၊ နောက်ဆုံး သူ အသက်ကို သတ်ချင်ခြင်း ကဲ့သို့သည် ကျားကဲ့သို့သော စိတ်ထား အကျင့် ဖြစ်ပါတယ်။ (ဂလာတိ ၅း၁၉-၂၁) မှာ ထိုသို့သော စိတ်နှလုံးသားသည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေ မခံရလို့ ရှင်ပေါလုက သွန်သင် ထားပါတယ်။ နေ့စဉ် ကျွန်မတို့ လူသားတွေ တစ်ခုမဟုတ် တစ်ခု လုပ်မိနေကြတယ် ဆိုတာ ဝန်ခံပါ။ ကျွန်မတို့ စိတ်နှလုံးထဲက ထိုစိတ်သဘောထား ဉာဏ်ဆိုးများကို သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လမ်းပြမှုကိုခံယူရင်း နှုတ်ကပတ်တော်ကို အစဉ် အမြဲ နှလုံး သွင်းပြီး ခရစ်တော်ကို ဗဟိုပြုပြီးအသက်ရှင်မှ ကျွန်မတို့စိတ်နှလုံး ဝိညာဉ် မျက်စိ အလင်းရပြီး အသက်တာမှာလဲ ဖယ်ထုတ်လုပ်လို့ရမှာ ဖြစ်ပါတယ်။

ကိုယ်တော် ဘုရားနဲ့ ဝေးအောင် ထိုတိရိစ္ဆာန်များ၏ စိတ်သဘောထားများ ညာဉ်ဆိုး အကျင့်များသည် နေ့စဉ် မိမိတို့ အသက်တာကို တွန်အားပေးနေပါသည်။ ခရစ်တော် ဘုရားကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံထားပြီးသော ကျွန်မတို့ အသက်တာကို ထို တိရိစ္ဆာန် စိတ်သဘောထား ညာဉ်ဆိုး အကျင့်များက အမြဲ ဝင်ရောက် နေရာယူဖို့ ချောင်းမြောင်းနေခြင်းကို အစဉ်အမြဲ သတိထားပြီး အသက်ရှင်ရမှာ ဖြစ်ပါတယ်။ အခြားသူတွေကို စိတ် အနှောက်အယှက် ဖြစ်စေတဲ့ ညာဉ်ဆိုးတွေ မိမိတို့ အထဲက ထွက်သွားနိုင်အောင် ကျွန်မတို့သည်၊ ခရစ်တော် ဘုရားထံ မိမိတို့ ညာဉ်ဆိုးများကို ဝန်ခံပြီး အပြစ်လွှတ်ခြင်း ဆုကျေးဇူးကို ရယူရမှာ ဖြစ်ပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ကို ခေါ်ဖိတ်ပြီး နေ့စဉ် နှုတ်ကပတ်ကျမ်းစာကို ဖတ်ရှုခြင်းဖြင့် ရရှိသော ဝိညာဉ်မျက်စိအလင်း ဖြင့် ဝင်လာမဲ့ စိတ်ဝိညာဉ် ဆိုးများကို ဖယ်ရှားဖို့ ဘုရားသခင်စီ တောင်းခံကြ ရအောင်။ နှုတ်ကပတ်တော်က အခုလို သွန်သင်ပါတယ်။ သမ္မာသတိ ရှိသော သူသည် မိမိ အမျက်ဒေါသကို ချုပ်တည်းတတ်၏။ (သု ၁၉း၁၁) မိမိတို့ စိတ်ဝိညာဉ် အသက်တာ၊ မိသားစု အသက်တာကို ဘုရားသခင် ကောင်းချီး ပေးချင် သော်လည်း ထို စိတ်



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၄၉ ဇန္နဝါရီလ ၂၀၁၄ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သဘော ဉာဉ်ဆိုးများ မိမိတို့ကို လွှမ်းမိုးနေလျှင် ထိုကောင်းကြီးသည် ရောက်လာမည် မဟုတ်ပါ။ (သု ၂၈း ၁၃) မိမိအပြစ်ကို ဖုံးထားသော သူသည် ချမ်းသာမရ။ မိမိ အပြစ်ကို ဖော်ပြ ဝန်ချ စွန့်ပစ်သောသူမူကား ဂရုဏာတော်ကို ခံရလိမ့်မည်။ ဘုရားသခင်ရဲ့ အပြစ်လွှတ်ခြင်းခံရသော အဖဘုရားရဲ့ ကောင်းကင်နိုင်ငံတော် မိသားစုဝင်များ နှစ်သစ်မှာ ကောင်းကြီးခံစားရပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဝေငှလိုက်ပါတယ်။ ......။ နန်းသီတာအေးရွှေ

-----------------------------------------------------------------------

## *ထိုသူငယ် (The Child)* ဆရာစောစံအောင်

ထိုသူငယ်သည် မကောင်းသောအရာကို မပယ်၊ ကောင်းသော အရာကို မရွေး မယူတတ်မီ သင်ကြောက်သော ရှင်ဘုရင်နှစ်ဦး အစိုးရသော ပြည်သည် စွန့်ပစ် သောအရပ် ဖြစ်လိမ့်မည်။ (ဟေရှာ၊ ၇း၁၆) အထက်ပါ ပရောဖက်ပြုချက် အခန်းကြီး ကိုကြည့်ပါက သန့်ရှင်းသော ဝိညာဉ်တော် ဘုရားက ယုဒ ရှင်ဘုရင် အာခတ်မင်းအား ရန်သူရှုရိဘုရင်ကြောင့် စိတ် မပျက်ရန်၊ ဘုရားရှင်ကိုသာ ကိုးစားရန် အားပေးထားကြောင်းတွေ့ရပါသည် (ဟေရှာ ၇း၁-၉)။ ၎င်း နောက် ဘုရားရှင်က သူ့ကိုကယ်လွှတ်မည်ဖြစ်ကြောင်း ပြသ သည့် နိမိတ်လက္ခဏာတစ်ခု ပေးခဲ့ပါသည် (၇း၁၀-၁၆)။ သူငယ်သည် မွေးဖွါး ကြီးပြင်းလာ၍ များ စွာသော အရာများကို သင်ယူလိမ့်မည်။ ထိုသူငယ် သည် မကောင်းသောအရာကိုမပယ်၊ ကောင်းသော အရာကို မရွေးမယူတတ်မီ ရှုရိ ရှင်ဘုရင်နှင့် ဣသရေလ ရှင်ဘုရင် နှစ်ဦးတို့သည် အသက်ရှုံးကြ လိမ့်မည်။ ဟေရှာယ ပရောဖက်ပြုပြီး နောက်နှစ်အနည်းငယ်အကြာတွင် ဤနိမိတ်ပြည့်စုံ လာခဲ့ပါ သည်။ သို့ရာတွင် ဟေရှာယ ပရောဖက် ပြုချက်၌ သူတို့သမီးကညာသည် သားယောက်ျားကို ဖွါးမြင် လိမ့်မည်ဟူသော အချက်သည် မယ်တော်မာရိဝမ်းမှ သခင်ယေရှုမွေးဖွါးလာ ချိန်မှ ပြည့်စုံခဲ့ပါသည် (မဿဲ၊ ၁း၂၁)။ ဟေရှာယ ၇း၁၆ ၌ တွေ့ရသော "ထိုသူငယ်" သည် လောကသို့ လူဇာတိ အဖြစ် မွေးဖွါးခဲ့သော ယေရှု၏ ကလေး သူငယ်ဘဝကို ရည်ညွှန်းပါသည်။ ခရစ်စမတ် အချိန်အခါ၌ သူငယ်တော်ယေရှုကို အရှေ့ ပြည်မှ ပညာရှိ များက အဘယ် ကြောင့် လာရောက် ဖူးတွေ့လျက် လက်ဆောင် ဘဏ္ဍာများဖြင့် ဆက်သရ သနည်း။ အကယ်စင်စစ် ယေရှုသူငယ်သည် သာမာန် လူသား မဟုတ်၊ အပြစ်နှင့် ကင်းစင် သောသူ၊ လောကလူသားအပေါင်းတို့ကို ချစ်သော ဘုရား တစ်နေ့ ကမ္ဘာ တစ်ခုလုံးကို အုပ်စိုးမည့် ဘုရားရှင် ပင်ဖြစ်သောကြောင့် ထိုအရှင်ကို ကိုးကွယ် ရခြင်း ဖြစ်ပါသည်။ ဟေရှာ၊ ၉း၆ ၌လည်း "အကြောင်း မူကား ငါတို့အဖို့ သူငယ်ကို ဖွါးမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း အာဏာစက် ရှိလိမ့် မည်။ နာမတော်မူကား၊ အံ့သြဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရ အဘ၊ ငြိမ်သက်ခြင်း အရှင်ဟု ခေါ်ဝေါ်သမုတ် ခြင်းကို ခံတော်မူလိမ့်မည် ဟု တွေ့ရပါ သည်။ "ခရစ္စမတ်၏ အရှင် ယေရှုခရစ်သည် မကြာမီ ဤ ကမ္ဘာလောကသို့ တဖန် ပြန်လည်ကြွလာရန် နီးကပ်နေပါပြီ။ သူငယ်တည်းဟူသော ထိုအရှင်ကို ပညာရှိများ နည်းတူ ဖူးတွေ့ပူဇော်လျက် ထိုအရှင်အား အကောင်း ဆုံး ပေးဆပ် ကြရန် လိုပေသည်။ သို့တည်းမဟုတ် ဟေရုဒ်မင်းကဲ့သို့ ငါတည်းဟူသောအတ္တကို ရှေ့တမ်း တင်သူဖြစ်နေပါက ဘုရားရှင်၏ တရားစီရင်ခြင်းကို ခံရမည်ဖြစ်ကြောင်း သတိ ချပ်အပ်စေလိုပါသည်။ လူဇာတိ အဖြစ်ကို ခံယူကာ သူငယ်ဖြစ်ခဲ့သော ယေရှုဘုရား ကိုယ်တော်သည် ကျွန်ုပ်၏ ကယ်တင်ရှင်၊ အကျွန်ုပ်၏ ဘုရား၊ အနာဂတ်၌ ကမ္ဘာလောကကို အုပ်စိုးမည့် အရှင် အဖြစ် သိမှတ်လျက် ကိုယ်တော် ကို ယုံကြည်ကိုးကွယ်ပါ၏။ အကျွန်ုပ်အသက်တာကို ကိုယ်တော် အလိုတော် ရှိ သည့် အတိုင်း ပုံသွင်းပေး နိုင်ရန် ဆက်ကပ်အပ်နှံပါ၏ (အာမင်)။

-----------------------------------------------------------------------

## *မင်းကို တစ်သက်လုံးချစ်နေမယ်။*



တကယ်ချစ်ကြိုက်ကြလို့ လက်ထပ်ဖို့အထိ ရည်ရွယ် ဆုံးဖြတ် ထားတဲ့ သူတွေအတွက် အကြံတစ်ခု ပေးချင် ပါတယ်။ ၂၀၁၃ ခုနှစ် ၁လပိုင်း ၄ ရက်နေ့မှာ လက်ထပ် ကြပါ။ ဘာဖြစ် လို့လဲဆိုတော့ အဲဒီနေ့ဟာ တရုတ်လူမျိုး တွေရဲ့ ဘာသာ စကား ကိန်းဂဏန်းနဲ့ ကြည့်ရင် အင်မတန် ဖြစ်ခဲ၊ ရခဲတဲ့ (၂၀၁၃ ၁ ၄) (ai ni yi sheng yi shi) "မင်းကို တစ်သက်လုံး ဘဝ အဆက် ဆက် ချစ်နေမယ်" ဆိုတဲ့ နံပါတ် ဖြစ်နေလို့ပါဘဲ။ ၂၀၁၃ ၁ ၄ လို့ ဆိုထားတဲ့ အတွက် ၂၀၁၃ ခုနှစ် ၁ လပိုင်း ၄ရက်နေ့မှာ ဒီ ဂဏန်းရဲ့ အဓိပ္ပါယ်က ပိုပြီး ပြည့်စုံတာဖြစ်ပါတယ်။ အခု ဒီစာကို ရေးချိန်မှာ ၂၀၁၄ ခုနှစ် ဖြစ်နေလို့ တစ်နှစ် တိတိ ကျော်သွားပြီလို့ ဆိုရာမှာဖြစ်ပါတယ်။ လူငယ်တွေ စကားနဲ့ ရေးရင် ဘောင် မဝင်တော့ပါဘူး။ ချဲသမား စကားနဲ့ ရေးရရင် ဒဲ့ မဝင်တော့ဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၃ခုနှစ်ရဲ့ အနီးစပ်ဆုံး ခုနှစ်ဖြစ်တဲ့ (ချဲသမား စကားအရ ဒဲ့ မဝင်ရင်လဲ တွတ် ဝင်တဲ့ ၂၀၁၄ခုနှစ်က အနီးစပ်ဆုံးပါဘဲ) ၂၀၁၄ ခုနှစ် ၁ လပိုင်း ၄ ရက်နေ့ဟာ မြန်မာပြည်ရဲ့ လွတ်လပ်ရေးနေ့ပါ။ အဲဒီနေ့မှာ လက်ထပ် ပါလို့ ဘာလို့ တိုက်တွန်းရသလဲဆိုရင် လွန်ခဲ့တဲ့ ၁၂နှစ်ကာလ။ ၂၀၀၂ခုနှစ် ၁လပိုင်း ၄ရက်နေ့မှာ ကျနော်ကိုယ်တိုင် လက်ထပ်ခဲ့လို့ အခု ၂၀၁၄ ခုနှစ်ဟာ ကျနော် လက်ထပ်မင်္ဂလာ ၁၂နှစ်တင်းတင်း ပြည့်တဲ့နေ့နဲ့ တိုက်ဆိုင်သလို တရုတ်စကားအားဖြင့် မင်းကိုတစ်သက်လုံးချစ်နေမယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ သွားတိုက်ဆိုင် နေလို့ပါဘဲ။

တကယ်တော့ တရုတ်လူမျိုးတွေက ၄ ဂဏန်းကို မကြိုက်ကြပါဘူး။ ၄ ဂဏန်း အသံထွက်က သေဆုံးခြင်း ဆိုတဲ့ အဓိပ္ပါယ်နဲ့ သွားတူနေလို့ပါဘဲ။ သူငယ်ချင်း တစ်ယောက်ကတော့ ၄ (အင်္ဂလိပ်လို 4 ဂဏန်း) ကို ကြိုက်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက် ခြေထောက် တင်ပြီး ဖိမ်ကျကျနဲ့ ခြေချိတ်ထိုင်တဲ့ ပုံစံနဲ့ တူလို့ဆိုဘဲ။ ကျမ်းစာထဲက ၄ ဂဏန်း တစ်ချို့ကို လေ့လာကြည့်မယ်ဆိုရင် - (၁) ဘုရားသခင်ဟာ ၄ ရက်မြောက် တဲ့ နေ့မှာ လောက သားတွေ မရှိမဖြစ် လိုအပ်တဲ့ နေ့အလင်းအိမ်(နေမင်း) နဲ့ ည အလင်းအိမ်(လမင်း)ကို ဖန်ဆင်းခဲ့ပါတယ်။ (၂) အပြစ်နဲ့ လွှမ်းနေတဲ့ ကမ္ဘာ မြေကြီး ကို ဘုရားသခင်က နောဧနဲ့ သူ့သား သုံးယောက် (ယောက်ျား ၄ ယောက်)နဲ့၊ သူ့မိန်းမနဲ့ ချွေးမ ၃ယောက် (မိန်းမ ၄ယောက်) အားဖြင့် လူသား မျိုးနွယ်တွေကို ဒုတိယ အကြိမ် အစ ပြန်ပြုခဲ့ပါတယ်။ အပြစ်နဲ့ ပွနေတဲ့ ကမ္ဘာ မြေကို ဘုရားသခင်က အချစ်နဲ့ ပြန်စ စေဖို့ လူသား ကျား(နဲ့)မ ၄ယောက်စီ ကို ရွေးချယ်ခဲ့ပါတယ်။

(၃) ဘုရားသခင်ရဲ့ လူမျိုးတော် ဣသရေလ လူမျိုး ဖြစ်လာဖို့ ဖခင် ယာကုပ် ဟာ မယား ၄ယောက် (လေအာ၊ ရာခေလ၊ ဇိလပ နဲ့ ဗိလဟာ) နဲ့ လက်ထပ် ခဲ့ရတယ်။ (၄)ဣသရေလ လူမျိုး ဖြစ်လာမဲ့ ယာကုပ်သား ၁၂ ယောက်ထဲက ၄ယောက်မြောက် သားဖြစ်တဲ့ လူမျိုးတော်ထဲက စတုတ္ထမြောက် (၄ ယေက်မြောက်) သားကြီးဟာ ယုဒ ဖြစ်ပြီး သူ့အဓိပ္ပါယ်က ယနေ့ခေတ်သစ် အသင်းတော်တွေမှာ ရေပန်းစားနေတဲ့ Praise and Worship "ထာဝရ ဘုရားသခင်ကို ယခုချီးမွမ်းမည်" ( က ၄၉း၈။ က ၂၉း၃၅) ဖြစ်ပါတယ်။ (၅) သခင်ယေရှုဟာ ရန်သူ့လက်ကို အပ်နှံခြင်းခံမဲ့ ည မှာ သူ့ရဲ့ အနီးစပ်ဆုံး နေရာမှာ တပည့်တော် သုံးဦး ဖြစ်တဲ့ ပေတရု၊ ယာကုပ်၊ ယောဟန် (သူအပါအဝင် ၄ ယောက်) ဟာ ဆုတောင်းနေခဲ့ပါတယ်။ မာကု ၁၄း၃၂-၃၄။ သခင်ယေရှုဟာ သူ့ရဲ့ လူ့သက်တမ်း အရေးကြီးဆုံးအချိန် (ရန်သူ့ လက်ကို အပ်နှံမဲ့ ညမှာ) သူ အပါ အဝင် သူ့နဲ့ အနီးစပ်ဆုံး မိတ်ဆွေတွေနဲ့ ၄ ပွင့်ဆိုင် ခွန်အားယူ ဆုတောင်းခဲ့ပါတယ်။

ယနေ့ အိမ်ထောင်တွေကို ကြည့်တဲ့အခါမှာလဲ လူပုဂ္ဂိုလ် ၄ဦး (ဘုရား။ ခင်ပွန်း။ ဇနီး နဲ့ သားသမီး) ပါဝင်နေပါတယ်။ ခရစ်ယာန် အိမ်ထောင်ကို အစပြုဖို့ ၄ ပွင့်ဆိုင် ချစ်ခင် ပေါင်းစည်း ညီညွတ်မှု လိုအပ်ပါတယ်။

နောက်ဆုံး အနေနဲ့ ကမ္ဘာပေါ်မှာ ဉာဏ်ပညာ အရှိဆုံး ဖြစ်တဲ့ ရှောလမုန် မင်းကြီးက နောင်လာနောက်သားတွေ ခွန်အားယူ ဖတ်နိုင်ဖို့ ရေးသားထားတဲ့ သူ့ရဲ့ သုတ္တံစကားရဲ့ ၄ ခုမြောက် အခန်းကြီးမှာ - သုတ္တံ ၄း၃ ငါမူကား အဘ၏ ရင်နှစ်၊ အမိရှေ့မှာ နူးညံ့၍ အချစ်ဆုံးသော သားဖြစ်၏။ သတိပေး ရေးသား ထားပါတယ်။ အခုလို နှစ်သစ် ကာလမှာ နှစ်သစ်ကို ကြိုဆိုဝင်နိုင်မဲ့ ခွန်အားပေး ဆောင်းပါးလေးကတော့ မင်းကို တစ်သက်လုံး ချစ်နေမယ် ဆိုတဲ့ စာသားလေးဘဲ ဖြစ်ပါတယ်။ မိမိရဲ့ ခင်ပွန်း၊ ဇနီး သားသမီး၊ မိဘ ဆရာ၊ အသင်းသူ အသင်းသား၊ မိသားစုဝင် မိတ်ဆွေ သူငယ်ချင်းများကို "မင်းကို တစ်သက်လုံး ဘဝ အဆက်ဆက် ချစ်နေမယ်" ဆိုတဲ့ စကားလေးနဲ့ ကတိပေးကာ နှစ်သစ်ကို ဝင်ရောက်ကြပါစို့။ ။ မင်းအောင်သက်လွင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၄၉ ဇန္နဝါရီလ ၂၀၁၄ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။